
ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယွီ)
(စာစဉ်-၄၄)
Translator - Sunlight Team

# ငါ့မှာ ဆတိုးစနစ်ရှိတယ်
# (စာစဥ်- ၄၄)

## အခန်း။ ၄၃၉

*

တစ်နာရီခန့် ကြာပြီးနောက် ရှန်းယွီသည် သူ၏ ကြယ်ပေါင်း ဆယ်လုံးကို ထပ်မံလောင်ကျွမ်းပစ်ရင်း အံတင်းတင်းကြိတ်ထားမိသည်။

သူ၏ ကြယ်အားလုံးကို လောင်ကျွမ်းပစ်ရတော့မလားဟု သူ တွေးနေမိသည်။ ယခု သူ၌ ကြယ်လေးဆယ်ခန့်သာ ကျန်တော့သည်။

ကမ္ဘာဖန်တီးမှု ဖြစ်စဥ်ကို သူ ကြည့်လိုက်သည်။ ဖြစ်စဥ်မှာ တစ်ဝက်ခန့်သာ ပြီးစီးသေးပုံရသော်လည်း ကြယ်များ၏ ထက်ဝက်ကျော်မှာ လောင်ကျွမ်းသွားခဲ့ပြီ ဖြစ်သည်။

မိနစ်အနည်းငယ် ကြာပြီးနောက် ရှန်းယွီသည် နောက်ထပ် ကြယ်တစ်လုံးကို လောင်ကျွမ်းပစ်လိုက်သည်။ ယခုတစ်ကြိမ်တွင်မူ သူသည် ယခင်ကထက် ပို၍ စိတ်အေးသွားခဲ့သည်။ သူ အလွန်အမင်း စိုးရိမ်ခဲ့ခြင်းသာ ဖြစ်ပုံပင်။ နိယာမ သုံးထောင်ကို စတင်ဖန်တီးရသည့် ဖြစ်စဥ်၏ ပထမပိုင်းမှာ စွမ်းအင် ပိုမိုကုန်ခမ်းခဲ့ခြင်းပင်။ ယခု နိယာမများ ဖြစ်တည်ပြီးသွားပြီဖြစ်ရာ ၎င်းတို့ကို ကမ္ဘာတစ်ခုအဖြစ် ရက်လုပ်ရန်အတွက် စွမ်းအင် ပိုမိုနည်းပါးစွာသာ လိုအပ်တော့သည်။

သူသည် မိနစ်အနည်းငယ်တိုင်းတွင် ကြယ်တစ်လုံးစီကို လောင်ကျွမ်းရင်း ဆက်လက်လုပ်ဆောင်ခဲ့သည်။ နောက်ထပ် တစ်နာရီ ကုန်လွန်သွား သောအခါ ငါးလုံးမြောက် ကြယ်ကို လောင်ကျွမ်းပစ်လိုက်သည်။ ကမ္ဘာမှာ ပြီးပြည့်စုံလုနီးပါး ဖြစ်နေပြီး ခိုင်မာလာပြီဖြစ်ရာ ဤသည်မှာ သူ နောက်ဆုံးလောင်ကျွမ်းရမည့် ကြယ်ပင်။

ရှန်းယွီ၏ ဝိညာဉ်သည် ယာယီခန္ဓာကိုယ်မှ ထွက်ခွာခဲ့ပြီး ထိုခန္ဓာကိုယ်မှာ သူ၏အတွင်းသို့ ပြန်လည်ပေါင်းစည်းသွားခဲ့သည်။

ဝိညာဉ်သည် ဝိညာဉ်ပင်လယ်အတွင်း ပေါ်လာပြီး သူ့ရှေ့ရှိ ကမ္ဘာကို ကြည့်လိုက်သည်။ ၎င်းမှာ သူ ယခုရှိနေသော လူ့ဘုံထက် နှစ်ဆခန့် ပိုမို ကြီးမားသည်။ သူ ပြုံးလိုက်မိသည်။

သူ၏ စနစ်ကို ကြည့်လိုက်သောအခါ နိယာမသစ်များကို တွေ့လိုက်ရ သည်။ သုံးထောင်ပြည့်ရန် အနည်းငယ်သာ လိုတော့သည်။

နိယာမ တစ်ခုချင်းစီတွင် အတွေ့အကြုံမှတ် တစ်မှတ်စီ ရှိနေသည်။ သူ၏ သုတေသနကိုယ်ပွားများမှာ မည်သည့်နိယာမကို အရင်ဆုံး အဆင့်မြှင့်တင် ရမလဲဟု ရှာဖွေလေ့လာနေကြပြီ ဖြစ်သည်။

ဝိညာဉ်သည် ထိုကမ္ဘာနှင့် ပိုမိုနီးကပ်စွာ ပျံသန်းသွားခဲ့သည်။ နိယာမများ အပေါ် သူ၏ နားလည်မှု တိုးတက်လာသည်နှင့်အမျှ ဤကမ္ဘာမှာလည်း ပိုမို ပြီးပြည့်စုံလာပြီး စစ်မှန်သော ကမ္ဘာတစ်ခုနှင့် မခြားနားတော့သည်အထိ ဖြစ်လာလိမ့်မည်ဟု သူ တွေးလိုက်မိသည်။

ယခုပင်လျှင် ဗလာနယ်၊ ဟင်းလင်းပြင်၊ အချိန်၊ ဗရမ်းဗတာဖြစ်မှုနှင့် ဖန်တီးခြင်းအစရှိသော သူ ကျွမ်းကျင်ထားသည့် နိယာမစွမ်းအားများမှာ ထို ကမ္ဘာအတွင်းသို့ စီးဝင်နေပြီး ၎င်းကို ပြီးပြည့်စုံစေရန် ဖြည်းဖြည်းချင်း လမ်းညွှန်ပေးနေသည်။

ထို့ပြင် သူ တစ်စုံတစ်ခုကို ထူးဆန်းစွာ အာရုံခံမိလိုက်သည်။ ၎င်းမှာ ကောင်းကင်ဘုံတာအို နိယာမပင်။

စစ်မှန်သော ကမ္ဘာတွင်မူ သူသည် ထိုကောင်းကင်ဘုံတာအို နိယာမကို အသုံးပြုရန် ကြိုးစားကြည့်ခဲ့သည်။ သို့သော် သူ ဆင့်ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် ၎င်းမှာ ပျောက်ကွယ်သွားခဲ့သည်။ ဤသို့ဖြစ်လာမည်ကို သူ ကြိုတင်ခန့်မှန်းထားပြီးသား ဖြစ်သည်။

ယခင်က ကောင်းကင်ဘုံတာအိုနှင့် ကမ္ဘာဦးသစ်ပင်တို့တွင် တစ်စုံတစ်ရာသော အရင်းအမြစ်စွမ်းအား ရှိနေလိမ့်မည်ဟု သူ ယူဆခဲ့ဖူးသည်။

ဤအချက်ကြောင့်ပင် သူ၏ ကိုယ်ပိုင်ကောင်းကင်ဘုံတာအို နိယာမကို အသုံးမပြုနိုင်အောင် တားဆီးခံနေရခြင်း ဖြစ်ပေလိမ့်မည်။ ကောင်းကင်ဘုံတာအိုသည် ဗရမ်းဗတာဖြစ်မှုများကို ဖန်တီးခဲ့သူဖြစ်ရာ ၎င်း၏အတွင်းရှိ မည်သည့်အရာကိုမဆို ထိန်းချုပ်နိုင်စွမ်း ရှိသည်။ ၎င်းသည် ကောင်းကင်ဘုံတာအို နိယာမ၏ မြစ်ဖျားခံရာဖြစ်သဖြင့် အခြားသူများကို ထိုနိယာမ အသုံးမပြုနိုင်ရန် ပိတ်ပင်ထားနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

အမှန်တော့ ၎င်းမှာ မြစ်ဖျားခံရာဖြစ်နေ၍ မဟုတ်ဘဲ ကျွမ်းကျင်မှု အမြင့်ဆုံးရှိနေသောကြောင့် ဖြစ်ပေလိမ့်မည်။ အကယ်၍ တစ်စုံတစ်ယောက်သည် အခြားသူတစ်ဦးထက် နိယာမတစ်ခုကို ပိုမိုကျွမ်းကျင်ပါက ထိုသူ၏ နိယာမအသုံးပြုမှုကို အတိုင်းအတာတစ်ခုအထိ ကန့်သတ်နိုင်ကြောင်း ရှန်းယွီ သိရှိထားသည်။ ကောင်းကင်ဘုံတာအိုသည် ကောင်းကင်ဘုံတာအို နိယာမကို တည်ရှိသမျှ သက်ရှိအားလုံးထက် ပိုမိုနားလည်ထားသူဖြစ်ရာ အခြားသူများကို တားဆီးနိုင်ခြင်းမှာ အဓိပ္ပာယ်ရှိလှသည်။

ကောင်းကင်ဘုံတာအိုက ဘာလို့ အခုလို လုပ်နေရတာလဲဟု သူ တွေးနေမိသည်။

တစ်စုံတစ်ခုကို ကြောက်ရွံ့နေတာလား။

သူ သက်ပြင်းချလိုက်မိသည်။ ဤသည်မှာ ခန့်မှန်းချက်မျှသာ ဖြစ်သဖြင့် စောင့်ကြည့်ရန်သာ ရှိတော့သည်။

သို့သော် ဝိညာဉ်ပင်လယ်အတွင်းရှိ သူ၏ဝိညာဉ်မှာမူ ကောင်းကင်ဘုံတာအို နိယာမကို အားစိုက်စရာမလိုဘဲ အသုံးပြုနိုင်သည်။ ဤအချက်ကြောင့် သူ၏ ဝိညာဉ်ပင်လယ်မှာ ကောင်းကင်ဘုံတာအို၏ ထိန်းချုပ်မှုအောက်တွင် မရှိကြောင်း သူ ယုံကြည်သွားခဲ့သည်။

ရှန်းယွီသည် ထိုကမ္ဘာသစ်ကို စစ်ဆေးရင်း စိတ်ဝင်စားဖွယ် တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ကောင်းကင်ဘုံတာအိုသည် ကောင်းကင်ဘုံတာအို နိယာမအောက်တွင် အလုပ်လုပ်သည်ကို သူ သိသော်လည်း ကမ္ဘာဦးသစ်ပင် မည်သို့အလုပ်လုပ်သည်ကိုမူ သူ မသိခဲ့ပေ။ သို့သော် ကမ္ဘာဖန်တီးရာတွင် အသုံးပြုခဲ့သော နိယာမအားလုံးကို လေ့လာကြည့်ပြီးနောက် သူ နောက်ဆုံးတွင် သိရှိသွားခဲ့သည်။

ကမ္ဘာဦးသစ်ပင်သည် သက်ရှိနိယာမအောက်တွင် အလုပ်လုပ်ခြင်းပင်။ ဤအချက်ကို အတည်ပြုရန်အတွက် သူသည် ပြင်ပကမ္ဘာတွင် ၎င်းကို အသုံးပြုကြည့်ခဲ့သည်။ ကောင်းကင်ဘုံတာအို နိယာမကဲ့သို့ပင် သူ အသုံးမပြုနိုင်ခဲ့ပေ။ ကောင်းကင်ဘုံတာအိုက ကောင်းကင်ဘုံတာအို နိယာမကို ပိတ်ပင်ထားသကဲ့သို့ ကမ္ဘာဦးသစ်ပင်ကလည်း သူ့ကို ဤနိယာမ အသုံးမပြုနိုင်ရန် ပိတ်ပင်ထားခြင်းပင်။

…

ရှန်းယွီသည် ထိုနိယာမနှစ်ခုကို ကြည့်လိုက်သည်။

ဝိညာဉ်ပင်လယ်အတွင်း၌မူ သူသည် ၎င်းတို့ကို ကောင်းမွန်စွာ အသုံးပြု

နိုင်သည်။ ပြင်ပကမ္ဘာတွင်သာ ပြဿနာရှိနေခြင်းပင်။ သူသည် ပြင်ပကမ္ဘာတွင် အခြားသော နိယာမအားလုံးကိုလည်း စမ်းသပ်ကြည့်ခဲ့သော်လည်း ဤနှစ်ခုတွင်သာ ပြဿနာရှိနေပုံပင်။

သူသည် ဤနိယာမနှစ်ခုကို အမြင့်မြတ်ဆုံး နိယာမများဟု အမည်ပေးလိုက်သည်။

ယခု ပြန်စဉ်းစားကြည့်လျှင် ထိုနိယာမများ၏ ဆန့်ကျင်ဘက်အစွန်းရောက် နိယာမများမှာမူ ပြင်ပတွင် ကောင်းမွန်စွာ အလုပ်လုပ်နေကြသည်။

သက်ရှိနိယာမ၏ ဆန့်ကျင်ဘက်ဖြစ်သော သေခြင်းနိယာမမှာ ပြင်ပတွင် အဆင်ပြေသည်။ ကောင်းကင်ဘုံတာအို၏ ဆန့်ကျင်ဘက်ဖြစ်သော ကျော်လွန်ခြင်းနိယာမမှာလည်း ထိုနည်းတူပင်။ သူသည် ဤနှစ်ခုကို ပြောင်းပြန်နိယာမများဟု အမည်ပေးလိုက်သည်။

"နေဦး... ကျော်လွန်ခြင်း နိယာမလား"

ထိုအခါမှသာ သူ လုံးဝမေ့လုနီးပါး ဖြစ်နေသော အရာတစ်ခုကို သတိရသွားခဲ့သည်။

ကျော်လွန်သော တာအိုခန္ဓာဆိုသည်မှာ ကျော်လွန်ခြင်းတာအို၏ တိုးတက်မှုလမ်းကြောင်းတစ်ခု ဖြစ်သည်။ ဆိုလိုသည်မှာ ယခင်ကကဲ့သို့ပင် ယခု နိယာမကို ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ထိုခန္ဓာမှာလည်း လိုက်ပါပြောင်းလဲလာတော့မည်ပင်။ ကျော်လွန်သော တာအိုခန္ဓာမှာ ပြန်လည်စတင်ခြင်းအပြီးတွင် အဆင့် ၄ သို့ ရောက်ရှိခဲ့သော်လည်း ခန္ဓာကိုယ်အတွင်းရှိ အသွင်ပြောင်းလဲမှုများကြောင့် အဆင့်တက်လှမ်းနိုင်ခြင်း မရှိသေးပေ။

ယခုမူ ၎င်းမှာ အဆင့် ၄ မှ အဆင့် ၇ အထိ အကြိမ်ပေါင်းများစွာ

တိုးတက်တော့မည်ပင်။

ပြင်ပကမ္ဘာတွင်မူ သူ၏ ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်များမှာ စတင်ရုန်းကြွလာပြီး၊ ပိုမိုကြီးမြတ်သော အရာတစ်ခုအဖြစ် ပြောင်းလဲရန်အတွက် ခန္ဓာကိုယ်ဖွဲ့စည်းပုံများကို ပြန်လည်ပြင်ဆင်နေသည်ကို သူ ခံစားလိုက်ရသည်။

ယခုရရှိနေသော အဆင့်မြှင့်တင်မှု အရေအတွက်အရ ယနေ့တွင် သူ အမှန်တကယ်ပင် နတ်ဘုရားအဆင့်သို့ ရောက်ရှိသွားနိုင်သည်ဟု ရှန်းယွီ တွေးတောနေမိသည်။ ထို့ပြင် ဤသည်မှာ သူ၏ အဆုံးစွန်သော ပုံစံပင် မဟုတ်သေးပေ။ ဝိညာဉ်ကြောအတွင်းရှိ ဝိညာဉ်အစိတ်အပိုင်းမှာလည်း တံတားထိုးရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

သူသည် ဝိညာဉ်ကြောနှင့် ပေါင်းစည်းပြီးနောက် ထိုဝိညာဉ်ကြောနှင့် ပေါင်းစည်းထားသော ဝိညာဉ်ကို သူအတွင်းသို့ ပြန်လည်စုပ်ယူမည်ပင်။ ထိုသို့လုပ်ဆောင်ချိန်တွင် ကမ္ဘာဦးသစ်ပင်ထံမှ နတ်ဘုရားအဆင့် သွေးမျိုးဆက်တစ်ခုခုကို ရရှိနိုင်လိမ့်မည်ဟု သူ ယုံကြည်နေသည်။

သူ ကျယ်ပြန့်စွာ ပြုံးလိုက်မိသည်။ ဝိညာဉ်ကြောတစ်ခု ဆုံးရှုံးရမည်မှာ မှန်သော်လည်း၊ အလယ်ပိုင်းတိုက်ကြီးသို့ သွားရောက်ကာ အခြားတစ်ခုကို ရယူပြီး မသေမျိုးအဆင့်သို့ အမြန်ရောက်အောင် ပြုလုပ်နိုင်သည်။ မနေ့က ထိုသူများနှင့် စကားပြောဆိုပြီးနောက် သူတို့မှာ အတော်လေး သဘောတူရလွယ်သူများ ဖြစ်ပုံရသဖြင့် သူတို့၏ အသက်ကို ချမ်းသာပေးခြင်းဖြင့် ဆုချရန် သူ ဆုံးဖြတ်လိုက်သည်။

ငါတော်တော်လေး သဘောထားကြီးတာပဲ။

"ဟားဟားဟားဟား"

***